# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 3 , 2024 Volume 74, Number 3

၃.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၆၄ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၀၅၀၀၀ |
| ဒေါ်လာဈေး | = ၃၄၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၈၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဘိုကလေးဒေသထွက် ငါးရံ့ခြောက်များ ရန်ကုန်အပါအဝင် အခြားဒေသများမှ ဝယ်လိုအားကောင်း



ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်အပါအဝင် အခြားဒေသများမှ ဝယ်လိုအားကောင်းပြီး အရောင်းသွက်ကြောင်း ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များထံမှ သိရသည်။

ဒီဇင်ဘာလအတွင်း ဝယ်လိုအားကောင်းလာခြင်းဖြစ်ပြီး တစ်ပတ်လျှင် ငါးရံ့ခြောက်ပိဿာချိန် ၁၀၀ မှ ၂၀၀ ထိ တင်ပို့ရောင်းချနေကြောင်း သိရသည်။ “အရင်လတွေကထက် ဒေသထွက်ငါးခြောက် အထွက်နှုန်းကလဲကောင်းပါတယ်။ အရောင်းအဝယ်လည်း ကောင်းနေပါတယ်။ ဘိုကလေးမြို့နယ်ကထွက်တဲ့ ငါးရံ့ခြောက်တွေကို ရန်ကုန်ဘက်ကိုပဲ အဓိကတင်ပို့ရောင်းချတာပါ။ ငါးရံ့ခြောက်တွေကို ရန်ကုန်မြို့ဈေးကွက်က တစ်ရက်နဲ့တစ်ရက် ဝယ်ယူမှုများလာလို့ တင်ပို့ရောင်းချမှု တက်လာတာပါ” ဟု ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းကပြောသည်။

ဘိုကလေးမြို့နယ်က ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးရံ့အစိမ်းများကိုဝယ်ယူ၍ စနစ်တကျခွဲကာနေလှန်းပြီး ငါးရံ့အချိုခြောက်နှင့် ဆားလတ်ခြောက်နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ငါးရံ့ခြောက်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၈၅,၀၀၀၊ ငါးရံ့ခြောက်အလတ် တစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀၊ ငါးရံ့ခြောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၃၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံများမှ သိရသည်။

**Source:** https://www.popularmyanmar.com/?p=143815

## ၂၀၂၃ ခုနှစ် ဇန်နဝါရီမှဒီဇင်ဘာလကုန်ထိ ၁၂ လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာ သင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၆၃၉ စင်း ဝင်ရောက်ပြီး ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ခဲ့

၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလကုန်ထိ ၁၂ လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၆၃၉ စင်းဝင်ရောက်ပြီး ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ဝင်ရောက်ထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်းဝင်ရောက်ပြီး ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ရန် လျာထားကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းဒေသသို့ နေ့ညမရွေး ဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကြောင်း Kings Bank Channel အား ရှာဖွေခဲ့ပြီးနောက် အေးရှားဝေါလ်ဆိပ်ကမ်းသို့ စံချိန်တင်အကြီးဆုံးကုန်သေတ္တာတင်သင်္ဘော ဆိုက်ကပ်နိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်သည်။

ရေလမ်းကြောင်းတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရန်ကုန်အတွင်း ဆိပ်ကမ်းဇရိယာရှိ ဆိပ်ကမ်းတံတားများမှ အရွယ်အစားကြီးမားသော ကုန်သေတ္တာသင်္ဘောကြီးများကို လက်ခံဝန်ဆောင်မှုပေးလာနိုင်ခြင်း ဖြစ်သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ရန်ကုန်ဆိပ်ကမ်းဒေသသို့ နေ့ညမရွေး ဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကြောင်း Kings Bank Channel အား ရှာဖွေခဲ့ပြီးနောက် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးအတွက် သောင်တူးဖော်ထိန်းသိမ်းခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရေလမ်းကြောင်းကောင်းမွန်လာသည်နှင့်အမျှ ရန်ကုန်အတွင်း ဆိပ်ကမ်းဇရိယာရှိ ဆိပ်ကမ်းတံတားများသို့ ယခင်လက်ခံနိုင်သည့် သင်္ဘောအရွယ်အစားထက် ပိုမိုကြီးမားသည့်သင်္ဘောကြီးများကို လက်ခံဝန်ဆောင်မှုပေးလာနိုင်ခဲ့ပြီး၊ ဇွန် ၂၂ ရက် နံနက်က အေးရှားဝေါလ်ဆိပ်ကမ်းတံတားသို့ ဟောင်ကောင်အခြေစိုက် SITC Shipping line မှ LOA ၁၈၅.၉၉ မီတာ GRT ၂၉၂၃၁ တန်နှင့် ကုန်သေတ္တာ ၂၆၉၈ TEU တင်ဆောင်နိုင်သည့် MV SITC Zhoming ကုန်သေတ္တာသင်္ဘောကြီးသည် ပထမဆုံးခရီးစဉ်အဖြစ် ဝင်ရောက်ဆိုက်ကပ်နိုင်ခဲ့သည်။

၂၀၂၂ခုနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင် သင်္ဘော ၆၅၅ စင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/286431

## ပြောင်းဈေးတက်လာပေမဲ့ စိုက်ပျိုးစရိတ်နဲ့အထွက်နှုန်းလျော့လို့ တောင်သူတွေအကျိုးအမြတ်မရရှိသေး




ပြောင်းဆန် ဈေးနှုန်းတက်လာပေမဲ့လည်း စိုက်ပျိုး ရိတ်ခြွေစရိတ်မြင့်ခြင်းနဲ့ ပြောင်းဆန်အထွက်နှုန်းလျော့ကျခြင်းကြောင့် တောင်သူတွေမှာ အကျိုးအမြတ်မရရှိဘဲဖြစ်နေတယ်လို့သိရပါတယ်။ လက်ရှိမှာ ပြောင်းဈေးက ရန်ကုန်အစာစပ်စက်ရုံအရောက်ဈေး တစ်ပိဿာကို ၁၁၈၀ ကျပ်မှ ၁၂၀၀ ကျပ်အထိ ရှိသော်လည်း ပြောင်းစိုက်ပျိုးရာ ရှမ်းပြည်တောင်ပိုင်း၊ ရှမ်းပြည်မြောက်ပိုင်းမှာတော့ အစိုဓာတ် ၁၅ ရာခိုင်နှုန်းရှိ ပြောင်းဆန်တစ်ပိဿာကို ၉၀၀ ကျပ်၊ ၉၅၀ ကျပ်ဝန်းကျင်သာ ဈေးပေါက်နေတယ်လို့သိရပါတယ်။

ရန်ကုန်အရောက် ပြောင်းဆန်ဈေး မြင့်တက်လာမှုနဲ့အတူ ရှမ်းတောင်မှ ရန်ကုန်ကို ပြောင်းသယ်ယူပို့ဆောင်ရေးစရိတ်တွေကလည်း တစ်ပိဿာကို အနိမ့်ဆုံး ၁၃၀ ကျပ်မှ ၂၀၀ ကျော်အထိ နေရာဒေသအပေါ်လိုက်ပြီး ဈေးနှုန်းမြင့်တက်လာတာကြောင့် တောင်သူတွေမှာ ပြောင်းဆန်ဈေးတက်တဲ့အပေါ် အကျိုးအမြတ် မခံစားရတဲ့သဘောဖြစ်နေတာဖြစ်ပါတယ်။ "အခုက သယ်ယူပို့ဆောင်ရေးစရိတ်တွေမြင့်လာတော့ ထင်သလောက်ဈေးမရကြဘူး။ ရှမ်းမြောက်ဘက်ဆိုပိုဆိုးတယ်၊ သယ်ယူစရိတ်မြင့်တော့ ပြောင်းဈေးက ထင်သလောက် မတက်ပေးကြဘူးပေါ့" လို့ ပြောင်းကုန်သည်တစ်ဦးကပြောပါတယ်။

ပြောင်းစိုက်တောင်သူတွေအနေနဲ့ မိုးပြောင်းစိုက်ပျိုးရာမှာ အလုပ်သမားငှားရမ်းခနှုန်းထား၊ မြေဩဇာ၊ စိုက်ပျိုးရေးသွင်းအားစု၊ ပြောင်းဆန်မျိုးဝယ်ယူရတဲ့နှုန်း၊ စက်သုံးဆီ၊ ယာမြေထွန်ယက်ခနှုန်းထားစတဲ့ အထွေထွေကုန်ကျစရိတ်တွေ မြင့်တက်လာတာကြောင့် မိုးပြောင်းစိုက်ပျိုးမှုကုန်ကျစရိတ်က မြင့်တက်လာတယ်လို့ သိရပါတယ်။ ပြောင်းတစ်ဧကကို စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းပြီး ပြောင်းဆန်ဖြစ်တဲ့အထိ တစ်ဧကကို အနည်းဆုံး ၈ သိန်းကျပ်ကုန်ကျပြီး ပြောင်းဆန်အထွက်နှုန်းမှာ ပိဿာ ၈၀၀ လောက်သာထွက်ရှိတယ်လို့သိရပါတယ်။

**Source: AMIA**

https://t.me/htwettoe

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများနှင့်စီးထွက်မှုအခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီးသည် ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့်ရေဦးခရိုင်များအနေဖြင့် ကသာခရိုင် (အင်းတော်မြို့နယ်)နှင့် မုံရွာခရိုင်များတွင် စပါး၊ ဆန်အသစ်များ ပေါ်လာပြီး ကျန်ခရိုင်များတွင် ဈေးအေးနေပါကြောင်း သိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ (စတုတ္ထ)ပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၃,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၂၅,၀၀၀ကျပ်၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၆၀,၀၀၀ကျပ်၊ ရွှေဘိုရောမင်း(စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၂၁,၅၀,၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၁၀,၀၀၀ ကျပ်၊ ရောမင်း (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၆၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါသည်။

ရေဦးခရိုင်၊ ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၃၃,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၂၅,၀၀၀ကျပ်၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၆၀,၀၀၀ကျပ်၊ ရွှေဘိုရောမင်း (စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၂၁,၅၀,၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၁၀,၀၀၀ ကျပ်၊ ရောမင်း (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁,၆၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါသည်။

ကလေးခရိုင်၊ ကလေးမြို့နယ်မှ ညှော့မထ(စပါး) (သစ်)တင်း ၁၀၀ လျှင် ၁၇,၀၀,၀၀၀၊ ညှော့မထ (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၆၅,၀၀၀၊ ညှော့မထ(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ၂,၈၀၀,၀၀၀၊ ညှော့မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၁၀၅,၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀လျှင် ၂၈,၀၀,၀၀၀၊ ငစိန် (ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ၉၅,၀၀၀၊ ရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ ရောမင်း(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၇၅,၀၀၀၊ ရောမင်း(စပါး)(ဟောင်း)တင်း ၁၀၀ လျှင် ကျပ် ၂၈,၀၀,၀၀၀၊ ရောမင်း(ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၁,၁၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင်၊ အင်းတော်မြို့နယ်မှ ဆင်းကေရီ(၃)(စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃,၀၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် (သစ်) ၂၄ ပြည်တစ်အိတ်မှာကျပ် ၆၀,၀၀၀၊ ဆင်းကေရီ(၃)(စပါး) (ဟောင်း) တင်း၁၀၀ လျှင် ကျပ် ၁၉,၀၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် (ဟောင်း) ၂၄ ပြည်တစ်အိတ်မှာကျပ် ၉၀,၀၀၀ ရောမင်း (စပါး) သစ် တင်း ၁၀၀လျှင် ကျပ် ၂၀,၀၀,၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၉၀,၀၀၀၊ ရောမင်း (စပါး) (ဟောင်း) တင်း ၁၀၀လျှင် ကျပ် ၂၅,၀၀,၀၀၀၊ ရောမင်း(ဆန်) (ဟောင်း) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၊ မုံရွာမြို့တွင် ရောမင်း(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၂,၈၀၀,၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၁,၂၅,၀၀၀၊ ရောမင်း(စပါး)(ဟောင်း)တင်း ၁၀၀ လျှင် ကျပ် ၃၅,၀၀,၀၀၀၊ ရောမင်း (ဆန်)(ဟောင်း) ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၁,၄၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါသည်။

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ရှောမင်း(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ ရှောမင်း (ဆန်)၂၄ ပြည် တစ်အိတ်မှာ ကျပ် ၈၅,၀၀၀၊ ပေါ်ဆန်း(စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၂၇,၀၀,၀၀၀ ပေါ်ဆန်း (ဆန်)၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁,၀၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ဒီဇင်ဘာလ (တတိယ)ပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများ သို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၂,၀၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇,၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၄၅၀၀၊ မွန်သို့ အိတ်ရေ ၃၄၆၀၊ ကချင်သို့ အိတ်ရေ ၂၈၉၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ (၄၅,၀၅၀) အိတ်၊ တန်အားဖြင့် (၂၂၅၂) စီးထွက်ခဲ့ပြီး၊ ယခု ဒီဇင်ဘာလ (စတုတ္ထ)ပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၀,၀၀၀၊ မန္တလေးသို့ အိတ်ရေ ၁၅,၃၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၃၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၃၃၀၀၊ မွန်သို့ အိတ်ရေ ၈၃၈၀၊ ကချင်သို့ အိတ်ရေ ၃၉၆၆၊ ပခုက္ကူသို့ အိတ်ရေ ၄၀၀ စုစုပေါင်း အိတ်ရေ (၄၆,၆၄၆) အိတ်၊ တန်အားဖြင့် (၂၃၃၂) စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့်နှိုင်းယှဉ်လျှင် ယခုပတ် တွင် အိတ်ရေ (၁၅၉၆) အိတ်၊ တန်အားဖြင့် ( ၈၀)ပိုမို စီးထွက်ခဲ့ပါကြောင်း သိရှိရပါသည်။

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_02012024_201

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှု များရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ မှ ၂၉ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၂၂,၅၈,၈၂၇ ဒသမ ၀၁၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၅,၀၆,၆၁၆ ဒသမ ၈၆၀ ကန်ဒေါ်လာ တင်သွင်းမှု ရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပြောင်း၊ သီဟိုဠ်စေ့၊ ဆန်ကွဲ၊ ရော်ဘာ၊ ငရုတ်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ရှောက်ကောသီး၊ ပဲယင်း၊ ကြံ၊ ပဲနီကြား၊ ဆီးစေ့ခွဲခြမ်း၊ ဆီးစေ့(Ju Ju Bean)နှင့် ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရ ပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၅၂,၆၈,၉၃၃ ဒသမ ၇၉၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၆၉,၈၉,၈၉၃ ဒသမ ၂၂၅ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လူသုံးအခြားပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ ချည်ထည်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်း များ၊ ကုန်ထုတ်စက်ကိရိယာများ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ပလတ်စတစ်ပိုက်၊ ပန်းသီးနှင့်မြက်ခင်းတုများ တင်သွင်းမှု ရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန် တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂,၅၆,၃၇၀ ဒသမ ၁၁၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၁၂,၅၀,၂၄၆ ဒသမ ၇၅၀ တင်သွင်းမှုရှိခဲ့သည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀ ဒသမ ၃၃၆ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၂၉၇ ဒသမ ၆၁ ကျပ်ရှိကြောင်း သိရှိရသည်။

Source: **ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## အိန္ဒိယကြက်သွန်နီ ပြည်ပတင်ပို့မှု ပိတ်ပင်ထားခြင်း ရုပ်သိမ်းနိုင်ဖွယ်ရှိ



အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီ အထွက်နည်းခဲ့သဖြင့် ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီ ဈေးနှုန်းများ ၃ လအတွင်း ၂ ဆ မြင့်တက်သဖြင့် အိန္ဒိယ အစိုးရက ပြည်တွင်း ကြက်သွန်နီဈေးနှုန်းများကို ထိန်းရန် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင် ကြက်သွန်နီ ပြည်ပတင်ပို့မှု ပိတ်ပင်တားမြစ်ခဲ့သည်။

ပြည်ပတင်ပို့မှု ပိတ်ပင်ပြီးနောက် ပြည်တွင်းကြက်သွန်နီဈေးနှုန်းများ ၂၀ ရာခိုင်နှုန်း လျော့ကျခဲ့သည်။ လက်ကားဈေး ကီလိုဂရမ် ၁၀၀ လျှင် ရူပီး ၁,၈၇၀ ရှိခဲ့ရာမှ ရူပီး ၁,၅၀၀ သို့ ကျဆင်းခဲ့သည်။

ယခုအခါ ကြက်သွန်နီဈေးနှုန်းများသည် ပြည်ပတင်ပို့မှု မပိတ်ပင်ခင်ကထက် ၆၀ ရာခိုင်နှုန်း ဈေးကျနေပြီ ဖြစ်သည်။ ကြက်သွန်နီအသစ်ပေါ်ချိန်ဖြစ်သဖြင့် ဈေးကွက်ထဲသို့ ကြက်သွန်နီအသစ်များ တစ်နေ့လျှင် ကီလိုဂရမ် တစ်သိန်းခွဲဝန်းကျင် ဝင်ရောက်လျက်ရှိသည်။ သို့ဖြစ်ရာ အိန္ဒိယကြက်သွန်နီ ပြည်ပတင်ပို့မှု ပိတ်ပင်ထားခြင်းရုပ်သိမ်းပေးရန် စီစဉ်နေသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7350-asia-onion.html

## GR 11 အမျိုးအစား ဆန်တန်ချိန် ၅ သောင်း သီရိလင်္ကာနိုင်ငံ တင်သွင်းမည်

သီရိလင်္ကာနိုင်ငံ၌ ကုန်သည်များအနေဖြင့် ဆန်မက်ထရစ်တန်ချိန် ၅၀၀၀၀ ကို ဝယ်ယူတင်သွင်းရန်အတွက် အစိုးရဝန်ကြီးများအဖွဲ့ထံမှ ခွင့်ပြုချက်ရရှိခဲ့ကြောင်း သီရိလင်္ကာအစိုးရ သတင်းပြန်ကြားရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ ကုန်သည်များသည် 'Keeri Samba' ခေါ် လုံးသွယ်ဆန်နှင့်ဆင်တူသော GR 11 အဆင့်ရှိသည့်ဆန်ကို တင်သွင်းခွင့်ရှိမည်ဖြစ်သည်။ ဆန်စက်များအနေဖြင့် ဆန်ဈေးနှုန်းများ မြင့်တက်စေရန်ရည်ရွယ်၍ သိုလှောင်သိမ်းဆည်းမှုပြုသည်ဟု ဝေဖန်မှုများရှိခဲ့ပြီး ယခုကဲ့သို့ တင်သွင်းခွင့်ပြုခြင်းက ပရီမီယံဆန် အဆင့်အတန်းဝင် Keeri Samba ဆန်၏ ဈေးနှုန်းကို ထိန်းညှိနိုင်မည်ဟု မျှော်လင့်ရပါသည်။

သီရိလင်္ကာနိုင်ငံတွင် ဆန်တင်သွင်းမှုအပေါ် ကန့်သတ်ချက်များချမှတ်ထားရှိရာ ကမ္ဘာ့ဈေးကွက်ထက် ဆန်ဈေးနှုန်းများ မြင့်မားမှုရှိပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအဆင့်ရှိသော ဆန်စပါးများ ယှဉ်ပြိုင်စိုက်ပျိုးထုတ်လုပ်မှုကို အားလျော့စေလျက်ရှိကြောင်း၊ ယခုဆန်တန်ချိန် ၅ သောင်း တင်သွင်းခွင့်ပြုရန် အဆိုပြုချက်ကို ကုန်သွယ်ရေးဝန်ကြီး Nalin Fernando က တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source: Economy Next, 19 Dec 2023(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_03012024_1044

## ပဲစင်းငုံနှင့်မတ်ပဲ လွတ်လပ်စွာတင်သွင်းခွင့်ကာလအား အိန္ဒိယအစိုးရတိုးမြှင့်

အိန္ဒိယပြည်တွင်း၌ ဝယ်လိုအား ဆက်လက်မြင့်မားနိုင်မှုနှင့် ဈေးနှုန်းများ ထိန်းသိမ်းရန်လိုအပ်သည့် အခြေအနေများအရ ၃၁-၃-၂၀၂၄ နေ့တွင် သက်တမ်းပြည့်မြောက်မည်ဖြစ်သော ပဲစင်းငုံနှင့်မတ်ပဲအား အရေအတွက်ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာ တင်သွင်းခွင့်ပြုထားသည့် မူဝါဒကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း အိန္ဒိယအစိုးရက ၂၈-၁၂-၂၀၂၃ နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါသည်။



အိန္ဒိယအစိုးရသည် ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ် ယခင်က သတ်မှတ်ထားခဲ့သော ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ၁၅-၅-၂၀၂၁ ရက်နေ့မှစတင်၍ လွတ်လပ်စွာ တင်သွင်းခွင့်ရှိသော ကုန်စည်အဖြစ်သို့ ကာလ အပိုင်းအခြား သတ်မှတ်ချက်ဖြင့် ဖြေလျှော့ပေးခဲ့ပြီး အဓိက စိုက်ပျိုးထုတ်လုပ်သော ပြည်နယ်များတွင် မိုးရေချိန် လျော့နည်းရရှိမှုအရ ပဲမျိုးစုံထုတ်လုပ်မှု ကျဆင်းခဲ့သဖြင့် နောက်ပိုင်းနှစ်များတွင် အိန္ဒိယနိုင်ငံ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အမိန့်ကြော်ငြာစာများ ထုတ်ပြန်လျက် ဆက်လက်၍ သက်တမ်းတိုးမြှင့်ဆောင်ရွက်ခဲ့သည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကနဦးခန့်မှန်းချက်များအရ ယခုနှစ် မိုးသီးနှံရာသီ၌ စိုက်ပျိုးထုတ်လုပ်မှုမှ မတ်ပဲ ထွက်ရှိနိုင်မှုမှာ တန်ချိန် ၁၅ ဒသမ ၀၅ သိန်းရှိပြီး ယခင်နှစ် ထွက်ရှိမှု တန်ချိန် ၁၇ ဒသမ ၆၈ သိန်းအောက် လျော့ကျမည် ဖြစ်သည်။

ပဲစင်းငုံထွက်ရှိနိုင်မှုမှာ ယခင်နှစ် ထုတ်လုပ်မှု တန်ချိန် ၃၃ ဒသမ ၁၂ သိန်းထက် ကျော်လွန်လျက် ယခုနှစ်တွင် တန်ချိန် ၃၄ ဒသမ ၂ သိန်းအထိ ထွက်ရှိနိုင်မည်ဟု အစိုးရကခန့်မှန်းထားသော်လည်း ကျွမ်းကျင်သူများက စိုက်ဧကကျဆင်းမှုကြောင့် အဆိုပါ ခန့်မှန်းချက်မှာ သံသယဖြစ်ဖွယ်ရှိကြောင်း ပြောဆိုလျက်ရှိသည်။

**Source: The Hindu Business Line, 28 Dec 2023(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_03012024_953

## STOCK EXCHANGE (3.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,034 (Shares) | 20,945,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,700 | 8,700 | 8,600 | 975 | 8,441,200 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,800 | 1,286 | 3,662,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | -200 | -2.47% | 7,500 | 7,900 | 7,500 | 146 | 1,109,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,550 | 3,013 | 4,671,000 | 29,664,613 | 47,463 |
| TMH | 00005 | 2,500 | +100 | +4.17% | 2,400 | 2,500 | 2,400 | 17 | 41,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,900 | 677 | 1,288,950 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 41 | 192,700 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 879 | 1,538,200 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 3rd Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.69 | +2.36 | +0.65% | 366.58 | 366.69 | 360.54 | 7,034 | 20,945,250 | 8 | 691,644 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Jan. 2024

| Trading Volume | Trading Value |
|---|---|
| 7,034 (Shares) | 20,945,250 (MMK) |

### Main Board

As of 1:00 pm, 3rd Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,034 (Shares) | 20,945,250 (MMK) |

| MYANPIX | 366.69 ▲ 2.36 |
|---|---|
| Total Volume (shares) | 7,034 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,644 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 7,900 | ▼ 200 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 100 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |